# လက်ဆင့်ကမ်းပါ မပမ်းရအောင်

အရှင်ဉာဏိက



အင်္ဂလန်မှာ ဇွန်လ ၂ ရက် ၂၀၀၉ ကနေ ဇူလိုင်လ ၂ ရက်နေ့အထိ နေထိုင်ခဲ့တယ်။ ဒီနေ့ အမေရိကကို ပြန်မည့်နေ့။

အင်္ဂလန်က မပြန်မီမှာ ဝင်ဘလေအရပ်မှာရှိတဲ့ လန်ဒန်ဝိဟာရရဲ့ သုံးလတစ်ကြိမ် ထုတ်ဝေနေတဲ့ စာစောင်မှာ စာတစ်ပုဒ်လောက်ရေးပါဦးလို့ မုဒုံဆရာတော်က မိန့်ကြားပါတယ်။ ဒါဟာဖြင့် စိတ်ပါလက်ပါရှိလာရင် ရေးဖို့လက်မနှေးတဲ့ စာရေးသူအဖို့ အခွင့်အလမ်းတစ်ခုလို့ ဆိုရမှာပါ။ လန်ဒန်ကိုရောက်ခိုက် ထူးထူးခြားခြား သတိထားမိတဲ့ အချက်တစ်ခု ရှိပါတယ်။ ဒီအကြောင်းပြန်ပြောဖို့ စိတ်ကူးရှိနေတာ။ ခုလို ကျောင်းစာစောင်အတွက် ရေးပါဦးလို့ မိန့်လာတော့ ဒီအကြောင်းရေးဖို့ အတော်ပဲဖြစ်သွားတယ်။ အနာဂါတ် ပြည်ပသာသနာအတွက် ကောင်းမွန်တဲ့ မျှော်လင့်ချက်နဲ့ ကြည်နူးစိတ်အခြေခံ ပြီးရေးတာမို့လည်း မင်္ဂလာရှိတဲ့စာတစ်ပုဒ်လို့ ဆိုနိုင်မှာပါ။

အင်္ဂလန်မှာ တစ်လတိတိ နေခဲ့တယ်။ လန်ဒန်ဝိဟာရမှာ သုံးပတ်လောက်နဲ့ တိသရဏဝိဟာရနဲ့ မန်ချက်စတာမှာ တစ်ပတ်ခန့် ။ တစ်လလုံးနီးပါး မနားတမ်း သွားနေခဲ့ပေမယ့် အာရုံနဲ့နေ့ဆွမ်းကိုတော့ တည်းခိုနေထိုင်ခဲ့ရာ ကျောင်းများမှာပဲ ဘုန်းပေးခဲ့တာ များပါတယ်။ ဒါကြောင့် ကျောင်းကို လာရောက်ဆွမ်းဆက်ကပ်ကြတဲ့ ဆွမ်းအလှူရှင်များနဲ့ ဆုံတွေ့ခဲ့ရပါတယ်။ ထူးထူးခြားခြား နေ့စဉ်လာရောက်ဆွမ်းကပ်ကြတဲ့သူတွေက လူငယ်တွေ များပါတယ်။ မေးကြည့်လိုက်လျင်လည်း အများစုသောလူငယ်တွေက တစ်ဖက်ကအလုပ်လုပ်ရင်း တစ်ဖက်မှာလည်း အချိန်ပိုင်းကျောင်းတက်နေကြသူများပါတယ်။ နေထိုင်နေကြတာကလည်း ကျောင်းသားဗီဇာနဲ့သူတွေက အများစုပါ။

စာရေးသူနေထိုင်ရာ အမေရိကမှာတော့ လူငယ်တွေက စည်းရုံးဦးဆောင်ပြီး ဓမ္မသင်တန်းတွေ ကျင်းပတာမျိုး၊ ဝါဆိုကထိန်လိုနေ့တွေမှာ စုပေါင်းပြီး ဝေယျာဝစ္စဒါနပြုကြတာမျိုးကို ခုနောက်ပိုင်းနှစ်များမှာ ပိုမိုလို့တွေ့လာရပါပြီ။ သို့ပေမယ့် ခုအင်္ဂလန်မှာလို ကျောင်းသားလူငယ်တွေစုပေါင်းပြီး စနေတနင်္ဂနွေ မဟုတ်တဲ့ ကြားရက်မျိုးမှာကိုပဲ မပြတ်လာရောက်ကာ စုပေါင်းချက်ပြုတ် ဆွမ်းဆက်ကပ်ကြတာမျိုးကိုတော့ သိပ်ပြီး မတွေ့ခဲ့ရသေးပါဘူး။ လုပ်ငန်းအခြေအနေနဲ့ နေထိုင်ကြရတဲ့ ပုံစံကွားခြားမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အမေရိကမှာက အများစုက မိသားစုနဲ့ နေထိုင်ကြတာမို့ လူငယ်တွေအနေနဲ့ ကိုယ်တိုင် ချက်ပြုတ်တဲ့အလုပ်ကို သိပ်မလုပ်ဖြစ်တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ နောက်ပြီး တစ်အိမ်ထဲမှာ မြန်မာပြည်ကလာတဲ့ကျောင်းသားတွေ စုပေါင်းနေထိုင်ကြတာမျိုးလည်း ယူကေမှာလို မများတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ယူကေမှာတော့ လူငယ်အများစုက ကိုယ့်နီးစပ်ရာစုပေါင်းပြီး နေကြတာများပါတယ်။ အများစုကလည်း အလုပ်အကိုင် အခွင့်အလမ်းပိုသာတဲ့ လန်ဒန်မှာပဲ စုနေတာများပါတယ်။

ပြည်ပနိုင်ငံများမှာ နိုင်ငံခြားသား ကျောင်းသားတစ်ဦးအနေနဲ့ ကျောင်းတက်ရတာ ကုန်ကျစရိတ် အလွန်များတယ်ဆိုတာ ကိုယ်တိုင်ကျောင်းတက်နေသူမို့ ကောင်းကောင်းသိပါတယ်။ မြန်မာနိုင်ငံလို ဝင်ငွေနည်းပါးတဲ့နိုင်ငံများက ကျောင်းသားတွေအနေနဲ့ ဒီလိုဒဏ်ကို ပိုခံရမယ်ဆိုတာကိုလည်း သဘောပေါက်ပါတယ်။ ပြောရလျင် အမေရိကလို

အင်္ဂလန်လို နိုင်ငံကြီးတွေကို လာရောက်ကျောင်းတက်ကြတဲ့သူတွေဆိုတာ ကိုယ့်နိုင်ငံမှာ အတန်အသင့် ဝင်ငွေကောင်းသူတွေနဲ့ အသိုင်းအဝိုင်းကြီးမားတဲ့နေရာက လာသူသာ ဖြစ်ဖို့များပါတယ်။ ဘယ်လောက်ပဲ ဝင်ငွေကောင်း ၊ အသိုင်းအဝိုင်းကောင်းတဲ့နေရာမျိုးက လာကြသူတွေပင်ဖြစ်ပါစေ။ နိုင်ငံကြီးတွေရှိ တက္ကသိုလ်တွေမှာ ကျောင်းစရိတ်က ကိုယ့်နိုင်ငံက ဝင်ငွေနဲ့နှိုင်းစာတော့ အဆမတန် ကြီးမားပါတယ်။ တစ်နှစ်ကို ဒေါ်လာသောင်းနဲ့ချီ ကုန်ကျတာပါ။ ဒီကုန်ကျငွေကို နောက်က အတော်အတန်ပြည့်စုံတဲ့ မိဘတွေအနေနဲ့ တာရှည်ထောက်ပံ့ဖို့ လွယ်မယ် မဟုတ်ပါဘူး။ အလွန်ဝင်ငွေကောင်းတဲ့ အလုပ်ကို လုပ်ကိုင်နေကြသူ အနည်းငယ်လောက်နဲ့ အခြားဝင်ငွေရလမ်းရှိသူတို့သာ တာရှည်ထောက်ပံ့နိုင်ပါလိမ့်မယ်။ ဒါကြောင့် ရောက်စတစ်နှစ်လောက်သာ နောက်ကမိဘက အပြည့်အဝပံ့ပိုးနိုင်ပြီး ကျန်နှစ်များအတွက် အများစုကျောင်းသားတွေက တတ်နိုင်သမျှ ဝင်ငွေရမယ့်အလုပ်မျိုးတွေကို ဝင်ရောက်လုပ်ကိုင်ကြရသူက များပါတယ်။ တရားဝင် အလုပ်လုပ်ခွင့်ပါမစ်နဲ့ အခြားသောကန့်သတ်ချက်တွေကြောင့် အလုပ်ကလည်း အချိန်ပြည့်လုပ်ဖို့ ခက်ခဲသလို ဝင်ငွေကောင်းတဲ့အလုပ်ရရှိဖို့ကလည်း ဖြစ်နိုင်ခြေ နည်းပါးလွန်းပါတယ်။

နောက်ပြီး ကျောင်းတဖက် အလုပ်တဖက်နဲ့ဆိုတော့ အများစုက အခြေခံအလုပ်တွေမှာပဲ လုပ်ကြရပါတယ်။ ခုခေတ်ခုခါလို အလုပ်အကိုင်ရှားပါးချိန်မှာ အလုပ်ရွေးချယ်စရာ အခွင့်အလမ်းနည်းတာကြောင့် ရရာအလုပ် လုပ်ကြရတာမို့ အလုပ်ချိန်ကလည်း ပုံမှန်မဟုတ်ကြပါဘူး။ ညပိုင်းအလုပ်များမှာ လုပ်လိုလုပ်ကြရ။ အများတကာတွေ မလုပ်လိုကြတဲ့ စနေ၊တနင်္ဂနွေလိုနေ့မျိုးမှာ လုပ်လိုလုပ်ရ။ သိပ်ပြီးတော့တော့ မသက်သာလှပါဘူး။ ခုလို အလုပ်တဖက် ကျောင်းတဖက်၊ အလုပ်ချိန်လည်း ပုံမှန်မဟုတ်တဲ့ကြားကနေပဲ လူငယ်တွေစုပေါင်းပြီး ဘုန်းတော်ကြီးကျောင်းတွေမှာ အာရုံနဲ့နေ့ဆွမ်းကို မပြတ်တမ်း လာကပ်နေနိုင်ကြတဲ့ သူတို့တွေရဲ့ ဝီရိယနဲ့ သဒ္ဓါအားကို လေးစားမိသလို တဖက်မှာတော့ သနားစိတ်လည်း ဖြစ်မိပါတယ်။ (သနားစိတ်ဖြစ်မိပါတယ်ဆိုလို့ ကိုယ့်အားကိုယ်ကိုး ကြိုးစားနေကြတဲ့ ကိုယ့်ညီငယ်နှမငယ်တွေက သူတို့ကြိုးစားအားထုတ်မှုကို လျော့တွက်သလိုဖြစ်လို့ ကျေမှကျေနပ် ကြပ့်လားတော့ မသိပါဘူး။ တကယ်တော့လည်း သနားခံရမှုဆိုတာ တခုခုအားနည်းမှုကို ရည်ညွှန်းခြင်းဖြစ်လို့ ကိုယ့်အားကိုယ်ကိုး ကြိုးစားနေသူတွေအတွက် အတိအကျဆီလျော်တဲ့ စကားတော့လည်း ဟုတ်မယ် မထင်ပါဘူး။)

အများစုက ရရာအလုပ်ဝင်လုပ်၊ တဖက်မှာလည်း ကျောင်းတက်၊ ကိုယ့်ထမင်းကိုယ်ချက်၊ ကိုယ့်အဝတ်ကိုယ်လျော်၊ ကိုယ့်တာဝန် ကိုယ်ယူ။ ရောက်ရာဘဝ ကျရာအနေအထားနဲ့ ပျော်ရွှင်နိုင်အောင် ကြိုးစားရုန်းကန်လှုပ်ရှားနေကြရတာပါ။ ကိုယ့်နိုင်ငံက ကိုယ့်အမိရင်ခွင်မှာဆိုလျှင်တော့ ခုလိုကျောင်းသားအရွယ် လူငယ်တွေအနေနဲ့ ကိုယ့်ထမင်းကိုယ်ချက်၊ ကိုယ့်အဝတ်ကိုယ်လျော်၊ ကိုယ့်ဝင်ငွေကိုယ်ရှာပြီး ကိုယ့်ဘဝကို ကိုယ့်စိတ်တိုင်းကျ တည်ဆောက်သူက အလွန်များလှမယ် မဟုတ်ပါဘူး။ သို့ပေမယ့် ခုလို အနောက်နိုင်ငံများကိုရောက်လာတော့ ကိုယ့်တာဝန်ကိုယ်ယူပြီး ကိုယ့်လမ်း ကိုယ်တိုင်လျှောက်လှမ်းတဲ့ အလေ့အကျင့်တွေကို ပျိုးထောင်ကြရတာပါ။ ဒီလိုကိုယ့်အား ကိုယ်ကိုးစိတ်ရရှိလာကြတာဟာဖြင့် အလွန်ဝမ်းသာကောင်းတဲ့ အချက်ပါပဲ။ ဒီစိတ်လေးကိုအခြေခံပြီး ကိုယ့်နိုင်ငံကိုယ့်လူမျိုး၊ ကိုယ့်ဘာသာသာသနာအတွက် ကိုယ့်လုပ်အားတွေကို အသုံးချခွင့်ရနိုင်ကြမယ်၊ အပြည့်အဝလည်း အသုံးချကြမယ်ဆိုလျှင်ဖြင့် အနာဂတ်မြန်မာ့လူမှုပန်ဝန်းကျင်ဟာ ပိုမိုပြီးလှပလာမှာ မလွဲပါဘူး။

လူငယ်တွေအခုလို ကျောင်းကန်ဘုရားများမှာ အဝင်အထွက်များတာကို အခွင့်လမ်းကောင်းတစ်ခုအဖြစ်အသုံးပြုပြီး နောင်အနာဂတ် ဘာသာရေး သာသနာရေးနဲ့ လူမှုရေးလုပ်ငန်းများအတွက် သူတို့အားတွေကို အသုံးပြုသွားမယ်ဆိုလျှင် အလွန်ကျေးဇူးများလိမ့်မယ်လို့ တွေးမိပါတယ်။ ဒါကြောင့် ခုလိုကျောင်းမှာလာပြီး ဆွမ်းကပ်နေရုံမျှထက် သူတို့တွေကိုယ်တိုင်ပါဝင်ပြီး ကျောင်းကန်ဘုရားများမှာ လုပ်ဆောင်နေတဲ့လုပ်ငန်းများမှာ အကြံပြုနိုင်၊ အတိုင်းအတာအထိ စီမံနိုင်တဲ့ နေရာပေးပြီး ပါဝင်လုပ်ကိုင်လာနိုင်အောင် အားပေးကူညီဖို့ပါ။

ဒါကတော့ ကိုယ့်စိတ်ကူးဖြစ်သလို လူကြီးများအတွက် အကြံပြုချက်စကားလည်းဖြစ်နိုင်ပါတယ်။ အကြံပြုတာ သက်သက်ပါ။ ဆရာလုပ်တာ မဟုတ်ပါဘူး။ ကိုယ့်အတွေ့အရ လူကြီးဆိုတာ ဆရာလုပ်တယ်လို့ ယူဆရင် လက်ခံဖို့အလွန်ခက်ခဲတတ်လို့ ဒီစကားကို အထူးပြုပြောရတာပါ။ တကယ့်ကိုမှ ရိုးသားစွာ အကြံပြုခြင်းပါ။ ထပ်ပြောပါတယ်။ ဆရာလုပ်ခြင်းမဟုတ်ပါ။

ဒို့များကတော့ ကြီးပြီ။ သိပ်လုပ်ဖို့ အားမရှိတော့ဘူး။ အနာဂတ်နိုင်ငံ၊ အနာဂတ်သာသနာက မင်းတို့လူငယ်တွေလက်ထဲမှာပဲ ရှိတယ်ရယ်လို့ လူကြီးသူမတွေဆီက သံဝေဂသံလိုလို၊ အားလျော့သံလိုလို စကားမျိုးကို မကြာခဏကြားမိတတ်ပါတယ်။ သို့ပေမယ့် အဲဒီလိုသံဝေဂသံလိုလို ပြောတတ်တဲ့လူကြီးသူမတွေဆီကနေ နောင်လာမယ့် လူငယ်တွေအတွက် သူတို့လျှောက်ခဲ့တဲ့လမ်းမှာ တွေ့ခဲ့ရတဲ့အတွေ့အကြုံတွေကို စနစ်တကျလက်ဆင့်ကမ်းပေးဖို့၊ လက်တွဲခေါ်ယူဖို့ရာမှာတော့ အားနည်းတတ်ကြပါတယ်။ ဒီနေရာမှာ လူကြီးတွေက လူငယ်တွေကို လုံးဝလက်တွဲ မခေါ်ဘူးလို့တော့ မပြောလိုပါဘူး။ လက်တွဲ ခေါ်တော့ခေါ်ပါတယ်။ သို့ပေမယ့် ကိုယ်လက်တွဲခေါ်တဲ့ လူငယ်တွေရဲ့ ယူဆထင်မြင်ချက်တွေ၊ လုပ်ဆောင်မှုတွေအပေါ်မှာတော့ လေးစားဖို့ အသိအမှတ်ပြုပေးဖို့မှာတော့ အားနည်းတတ်ပါတယ်။ အထူးသဖြင့် အစဉ်အလာအရ လူကြီးသူမများကသာ ဦးဆောင်လေ့ရှိတတ်တဲ့ ဘာသာရေးလုပ်ငန်းကိစ္စမျိုးမှာ လူငယ်တွေရဲ့အတွေ့အကြုံနဲ့ လုပ်ဆောင်မှုအပေါ် သိပ်ပြီး အလေးမထားတတ်ပါဘူး။ ဒီတော့လူငယ်တွေက လူကြီးများနဲ့ တာရှည်ပူးပေါင်းလုပ်ကိုင်လိုစိတ် နည်းသွားတတ်ပါတယ်။ ဒီအခါမျိုးမှာ လူငယ်တွေရဲ့အားကို မရနိုင်တော့တာကြောင့် အရာရာ လူကြီးတွေချည်းသာ လုပ်ကြရမယ်ဆိုလျင် လူကြီးတွေလည်းပင်ပမ်း၊ အလုပ်အကိုင် ပြီးမြောက်သင့်သလောက်လည်း မပြီးမြောက်နိုင်ဖြစ်တတ်ပါတယ်။ လူငယ်တွေအနေနဲ့လည်း နောင်လူကြီးတွေ မရှိကာမှ ကိုယ့်အတွေ့အကြုံသစ်နဲ့ စတင်လုပ်ဆောင်ကြရမယ်ဆိုလျင် ပိုပြီးပင်ပမ်းသလို ခရီးရောက်မှုလည်း နည်းသွားနိုင်ပါတယ်။

လူငယ်တွေဆိုတာက ဘဝအတွေ့အကြုံ နည်းပါးပါတယ်။ အတွေ့ အကြုံနည်းပါးမှုကြောင့် မှားလျင်မှားမယ်။ သို့ပေမယ့် ဒီအမှားဟာ စေတနာဆိုးတဲ့အမှားမျိုးလား။ ပြင်လို့မရနိုင်လောက်အောင်မှားတဲ့အမှားမျိုးလား ဆန်းစစ်ဝေဖန်ဖို့လိုပါတယ်။ စေတနာဆိုးနဲ့မှားတဲ့အမှားမျိုး မဟုတ်လျင် ကြင်နာစွာနဲ့ အမှားကိုထောက်ပြပြီး လက်တွဲခေါ်ပြုပြင်သွားမယ်ဆိုလျင် နောင်မှာဒီအမှားမျိုး မှားမယ်မဟုတ်တော့ပါဘူး။ နောက်ပြီးတချို့အမှားလို့ လူကြီးသူမတွေ မှတ်ယူတာမျိုးက လူငယ်တွေအမြင်မှာ လုံးဝအမှားမဟုတ်ဘူးလို့ ခံယူတာမျိုးလည်း ရှိနိုင်ပါတယ်။ မျိုးဆက်ကွာခြားသွားခြင်းကြောင့် အမြင်ကွာခြားမှုဖြစ်ခြင်းမျိုးပါ။ အဲဒီအရာမျိုးအတွက် လူကြီးတွေအနေနဲ့ ကိုယ့်ရှေးရိုးအစဉ်အလာလက်ခံထားတဲ့ အယူအဆနဲ့ မကိုက်ညီရုံမျှနဲ့ လူငယ်တွေအမှားလို့ သတ်မှတ်လို့ ရနိုင်မယ်မဟုတ်ပါဘူး။

‘ရေဆိုတာ အစဉ်အမြဲ ပြောင်းလဲစီးဆင်းနေမှ။ စီးဆင်းမနေပဲ တစ်နေရာထဲမှာ ပိတ်အိုင်နေလျင် ကြာတော့ ဒီရေက ပုတ်သိုးသွားတတ်တယ်။ အဖွဲ့အစည်းတစ်ခုမှာလည်း အမြဲတမ်းရှင်သန်လှုပ်ရှားနေမှ။ ရှင်သန်လှုပ်ရှားမှု မရှိလျင် ဒီအဖွဲ့အစည်းက ပုတ်သိုးသွားနိုင်တယ်’–တဲ့။ မုဒုံဆရာတော်က မိန့်ကြားပါတယ်။ ဟောင်းနွမ်းနေတဲ့ အတွေးအခေါ်တွေကို လက်ကိုင်ပြုပြီး လှုပ်ရှားမှုကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်းများနဲ့ ပတ်သက်ပြီး စကားပြောဖြစ်ရာမှာ အမှတ်တရဆရာတော်က မိန့်သွားခဲ့တာ။ ဆရာတော်ရဲ့စကားနဲ့ ကိုယ်တွေ့ခဲ့ရတဲ့ လန်ဒန်က လူငယ်တွေရဲ့ အနေအထားကိုပေါင်းစပ်ပြီး လန်ဒန်ကနေ ပြန်မည့်နေ့မှာ ဒီနှုတ်ဆက်စာတစ်ပုဒ် ရေးပါတယ်။

အရှင်ဉာဏိကကတော့ မြင်သမျှကို မြင်တဲ့အတိုင်းရေးလိုက်ပြီ။ လူငယ်တွေဖက် လိုက်ရေးတယ်လို့ မယူဆပါနဲ့။ အရှင်ဉာဏိကကိုယ်တိုင်ကိုက လူငယ်လို့ပြောရလောက်တဲ့အရွယ်ကို လွန်လာပါပြီ။ ဒီတော့ ကိုယ်ကိုယ်တိုင်က လူငယ်မဟုတ်တော့တဲ့သူက ဘာအကြောင်းကြောင့်မှ လူငယ်တွေဖက်က ရှေ့နေလိုက်ဖို့ လိုမယ် မဟုတ်ပါဘူး။ တစုံတရာအကျိုးရှိနိုင်မယ်ထင်လို့သာ ရေးလိုက်တာပါ။ သုံးတတ်မယ်ဆိုလျင်တော့ အသုံးကျမှာပါ။ သဘောမတူလျင်လည်း ခွင့်လွှတ်ပါ။ သဘောမတူတဲ့အရာတွေ ပေါင်းစုပြီး တသားတည်းဖြစ်အောင် ပြုလုပ်နိုင်မှုဟာ အမြင့်ဆုံးသော စွမ်းဆောင်မှု မဟုတ်လား။ ဒါက အလှဆုံးသောအရာလည်းပဲဖြစ်တယ် မဟုတ်လား။ နောက်ပြီး လူကြီးဆိုတာ ဆင်ခြင်ဉာဏ်ဦးစီးတဲ့ သည်းခံခွင့်လွှတ်တတ်ခြင်းနဲ့ အတူယှဉ်တွဲနေမှ လူကြီးလူကောင်းပီသတယ်လို့ ဆိုနိုင်မယ်လည်း မဟုတ်ပါလား။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက
ဇူလိုင် ၂ ရက်၊ ၂၀၀၉